ပေါက်ငယ်တောကျေးရွာ

မုံရွာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေါက်ငယ်တောကျေးရွာ၊ မုံရွာမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မုံရွာမြို့နယ် မှ ကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ပေါက်ငယ်တောကျေးရွာ သယံဇာတပြမြေပုံ၊ မုံရွာမြို့နယ်	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	
	(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး	
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၀။	ဦးစားပေးဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊

ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၀


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေါက်ငယ်တောကျေးရွာ

မုံရွာမြို့နယ်

J

ပေါက်ငယ်တောကျေးရွာ သယံဇာတပြမြေပုံ၊ မုံရွာမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပေါက်ငယ်တောကျေးရွာသည် ကျောင်းကုန်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး မုံရွာမြို့နယ်၏ တောင်ဝိုင်းတွင် တည်ရှိပါသည်။ ကျေးရွာသည် မုံရွာ-မန္တလေး လမ်းမကြီးဘေးတွင် တည်ရှိပြီး မုံရွာမြို့နယ်နှင့် (၇)မိုင် ကွာဝေးပါသည်။ ကျောင်းကုန်းကျေးရွာအုပ်စု၏ ဧရိယာမှာ ကျယ်ဝန်းပါသည်။ ပေါက်ငယ်တောကျေးရွာတွင် မြေပြန့်လွင်ပြင်သာရှိပြီး အနောက်ဘက်တွင် မြစ်ချောင်းများရှိ၍ မြေဩဇာ အသင့်အတင့် ကောင်းမွန်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ပေါက်ငယ်တောကျေးရွာတွင် ပူနွေးစိုစွတ်သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၅.၅) ဒီဂရီစင်တီ ဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် (၂၀) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ လူနေအိမ်များ ထူထပ်ခြင်း၊ တောတောင်ရေမြေသဘာဝများ ရှားပါးခြင်းတို့ကြောင့် တောကြောင်၊ သင်းခွေချပ်၊ ကျီ၊ တောဝက်၊ တောကြက်၊ မျောက်အမျိုးမျိုး စသည့် တောရိုင်း တိရိစ္ဆာန်များ မရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပေါက်ငယ်တောကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့်ရှိသည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ကျေးရွာအတွင်း အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ဓမ္မစကူးအဖွဲ့၊ ပရဟိတအဖွဲ့၊ မီးသတ်အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီအဖွဲ့၊ ဓမ္မဂုဏ်ရည်ဝတ်အသင်း အဖွဲ့၊လူငယ်ဖွံ့ဖြိုးရေးအဖွဲ့၊ မီးလင်းရေးကော်မတီအဖွဲ့၊ မွန်မြတ်သာအမျိုးသမီး ပရဟိတအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပေ။ အဖက်ဖက်မှ ဝိုင်းဝန်းထောက်ပံ့ပေးနေသည့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအ ၄

(က) သီးနှံ စိုက်ပျိုးရေး

ပေါက်ငယ်တောကျေးရွာတွင် လယ်မြေ(၁၂၅.၄)ဧက၊ ဥယျာဉ်ခြံမြေ(၃၃.၈၀)ဧက၊ တောင်ယာမြေ(၃၃.၆၀)ဧက၊ စုစုပေါင်း (၁၉၇.၈၀)ဧက ရှိပါသည်။ မြေယာပိုင်ဆိုင်သူသည် စုစုပေါင်း အိမ်ထောင်စု၏ (၂၂.၂၇%) ရှိပြီး မြေယာမဲ့အိမ်ထောင်စု (၁၇၁)အိမ် ရှိပါသည်။ သီးနှံအထွက်နှုန်းမကောင်းသဖြင့် ကျေးရွာအတွင်း၌ ဝမ်းစာဖူလုံရုံမျှသာရှိပြီး ဈေးကွက်သို့ အနည်းငယ်သာ တင်ပို့ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် တွင်းရေ ကိုသာ အားထားစိုက်ပျိုးကြပြီး ရေးသွင်းစိုက်ပျိုးနိုင်မည့် ရေ အရင်းအမြစ်များ အလွယ်တကူ ရရှိနိုင်ပါသည်။

ကျေးရွာတွင် ကွမ်း၊ကုလားပဲ၊ပဲစိမ်းငုံစသည့် သီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြပြီး မြေဆီလွှာမ ကောင်းခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊ဓါတ်မြေဩ လုံလောက်စွာ မသုံးစွဲနိုင်ခြင်း၊

ကျေးရွာ အတွင်း ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှု နည်းပါးခြင်း၊ ကျေးရွာတွင် စိုက်ပျိုးရေး နည်းပညာများ သိရှိမှုနည်းပါးခြင်း စသည်တို့ကြောင့် သီးနှံအထွက်နှုန်းလျော့နည်း နေရခြင်း ဖြစ်ပါသည်။ ဆင်းရဲသားတောင်သူအများစုသည် လယ်ယာသုံး စက်ကိရိယာများ ငှားရမ်း လုပ်ကိုင်နေသူများသည့်အတွက် လယ်လုပ်ချိန်တွင် အချိန်နှင့်တပြေးညီတွင်ကျယ်စွာ ပြုလုပ် နိုင်ခြင်းမရှိသည့် အပြင် အခက်အခဲမျိုးစုံ ကြုံတွေ့နေရပါသည်။

သီးနှံအထွက်နှုန်း တိုးစေရန်အတွက် တွင်းရေကိုသာ အဓိကအားထားရပြီး စိုက်ပျိုးမြေများတွင် မြေဆီဩဇာမကောင်းခြင်း၊ ပိုးမွှားရောဂါများကျရောက်ခြင်း၊ စိုက်ပျိုးမြေမလုံလောက် သည့်အတွက် စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံး စက်ကိရိယာများ မလုံလောက်ခြင်းများ ရှိနေပါသည်။

သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေဆီဩဇာမကာင်းခြင်း၊ နည်းပညာဗဟုသုတ နည်း ပါးခြင်း၊ ကောင်းမွန်သော သီးနှံမျိုးစေ့များ အလွယ်တကူမရရှိခြင်း၊ အတိုးနှုန်း သက်သာသော ချေးငွေများ အလွယ်တကူ မရရှိခြင်းတို့ ရှိသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်း၊ ပိုးမွှား ရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သည့်သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ပေါက်ငယ်တောကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၀)စုရှိပြီး နွားကောင်ရေ (၂၃) ကောင်နှင့် နို့စားနွားမွေးမြူသည့်အိမ်ထောင်စု(၂၅)စုရှိပြီး နွားကောင်ရေ(၂၂၃) ကောင်ရှိ ပါသည်။ ဆိတ်မွေးမြူသော အိမ်ထောင်စု(၁)စုရှိပြီး ဆိတ်ကောင်ရေ(၃၀)ရှိပါသည်။ ထို့ပြင် ဝက်မွေးမြူသော အိမ်ထောင်စု(၁၄)စုရှိပြီး ဝက်(၃၅၂)ကောင် ရှိပါသည်။ မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် သာ မွေးမြူကြပါသည်။ အ ိ ်မ်ထောင်စုများတွင် စီးပွားဖြစ်မွေးမြူလိုကြသော်လည်း ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချ ကြရပါသည်။ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်လျက်ရှိပါသည်။

ပေါက်ငယ်တောကျေးရွာတွင် မွေးမြူရေးအတွက် စားကျက်မြေအလုံအလောက်မရှိပါသဖြင့် စီးပွား ဖြစ်မွေးမြူမည်ဆိုပါက အဆင်မပြေနိုင်ပါ။ ကျေးရွာတွင် ကူးသန်းရောင်းဝယ်ရေးများ လုပ်ကိုင် နိုင်သည့်အတွက် ထုတ်ကုန်များကို လွယ်ကူစွာနှင့် ရောင်းချနိုင်သည်။ မျိုးကောင်း တိရိစ္ဆာန်များ လွယ်ကူစွာ ဝယ်ယူမရရှိနိုင်ပါ။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ပေါက်ငယ်တောကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အနေဖြင့် တစ်ပိုင်တစ်နိုင် ရောင်းချကြသော စျေးဆိုင်ငယ်များ၊ အလှပြင်၊အပ်ချုပ်သမား အနည်းငယ် နှင့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူ အများအပြား ရှိပါသည်။ ကျေးရွာတွင် လုပ်သားအင်အား အသင့်အတင့် ရှိပြီး လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ သွားလာရအဆင်ပြေပါသည်။ လူငယ် များအလုပ် အကိုင် အခွင့်အလမ်းများ ရရှိလာစေရန် အသက်မွေးဝမ်း ကျောင်းသင်တန်းများ လိုအပ်နေပါသည်။

ပေါက်ငယ်တောကျေးရွာတွင် နေထိုင်သူများသည် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့် အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ လိုအပ်ခြင်း၊ အရင်းအနှီးငွေ အတွက် ကာလရှည်ချေးငွေလိုအပ်ခြင်း၊ ကျေးရွာတွင် လျှပ်စစ်မီးရရှိသော်လည်း အရင်းအနှီး လုံလောက်မှုမရှိသဖြင့် အသေးစားလုပ်ငန်းများမစတင်နိုင်ခြင်းစသည့် အခက်အခဲများရှိနေပါသည်။

(ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ကွမ်း၊ ကုလားပဲ၊ ပဲစိမ်းငုံ၊ ပဲတီစိမ်းနှင့် ဟင်းသီးဟင်းရွက်တို့ ပါဝင်ပါသည်။ မုံရွာမြို့နှင့် သွားလာရမနီးမဝေးသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချ နိုင်ပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပေါက်ငယ်တောကျေးရွာတွင် စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမချေးငွေမှ ကာလတို ချေးငွေ များသာ ရရှိပါသည်။ အခြားအသေးစား ပုဂ္ဂလိကချေးငွေကုမ္ပဏီများမှ ချေးငွေများရရှိပါသော်လည်း အတိုး နှုန်းကြီးစွာ ချေးယူရသဖြင့် စီးပွားရေးကြပ်တည်းမှုများ ဖြစ်ပေါ်နေပါသည်။ အချို့တောင်သူ များမှာ ပုံစံ(၇)ရရန် အခက်အခဲများရှိသည့်အတွက် ချေးငွေမရယူနိုင်ခြင်းများရှိပါသည်။ သမဝါယမချေးငွေ သည်လည်း အသင်းဝင်၎ ၆ ၎ည့်သူများသာ ချေးသည့်အတွက် အသင်းဝင်ထား ခြင်းမရှိသူများ ချေး၍မရသည်များ ရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက် သည့်အတွက် ချေးငွေပြန်ဆပ်ချိန်တွင် အချိန်မီ ပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင် ငွေချေးပေးသူ များ ထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူ၍ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရပါသည်။

ထို့ကြောင့် ကာလရှည်ချေးငွေများချေးယူရရှိမည်ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပေါက်ငယ်တောကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စများတွင် အသုံးပြုကြပါသည်။ ဆိုင်ကယ်စီးရေ(၂၆၀)စီး၊ ထော်လာဂျီ(၆)စီး၊ ကား(၁၆)စီး၊ သုံးဘီး(၄)စီး၊ စက်ဘီး(၂၂၉)စီး၊ နွားလှည်း(၆)စီးရှိပြီး ရွာ၏ သယ်ယူပို့ဆောင်ရေးတွင် ၎င်းယာဉ်များဖြင့် အဓိကပို့ဆောင်ကြပါသည်။

ကျေးရွာတွင်းရှိ လမ်း(၄)လမ်းသည် မြေသားလမ်း၊ ကွန်ကရစ်လမ်းများ ဖြစ်ကြသည်။ ကျေးရွာတွင်းလမ်းများသည် မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများဖြစ်သည့် အတွက် ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ရန်လိုအပ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ပေါက်ငယ်တောကျေးရွာတွင် လျှပ်စစ်မီးရရှိသော်လည်း ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုများသည် လျှပ်စစ်မီးရရှိမှု မရှိပါ။ ထို့ကြောင့် လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စုများတွင် ကျောင်းသား/သူများအတွက် ပညာရေးအခက်အခဲဖြစ်စေပြီး သတင်းအချက်အလက် နည်းပညာ ဗဟုသုတများကို လေ့လာရန် အခက်တွေ့စေပါသည်။ ကျေးရွာအတွင်း အိမ်ထောင်စုများအားလုံး လျှပ်စစ်မီးရရှိပါက ကျောင်းသားများ၏ ပညာရေးကဏ္ဍာ တိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမို ကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ် နိုင်ခြင်း၊ အသေးစားစီးပွားရေး လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမှုကို အထောက်အပံ့ပေးနိုင်ပါလိမ့် မည်။

ပေါက်ငယ်တောကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၃၆၁)လုံး၊ စလောင်း(၅၁)လုံး၊ရေဒီယို(၂၆)လုံး၊ တီဗွီ(၁၅၄)လုံး စသည်တို့မှ ရရှိသည့်အပြင် လူကြီးများသည် ဖုန်းကို စနစ်တကျ သုံးစွဲတတ်ခြင်းမရှိပါ။ ကျေးရွာတွင် (၂၄)နာရီ မီးလင်းမှု ရှိသည့်အတွက် အချိန်နှင့်တပြေးညီ အားသွင်းခြင်း ပြုလုပ်နိုင်ကြသဖြင့် သတင်းအချက်အလက်များ အချိန်မီ သိရှိနိုင်ကြပါသည်။

၆။ ပညာရေး

ပေါက်ငယ်တောကျေးရွာတွင် စာတတ်မြောက်မှု (၈၅)ရာခိုင်နှုန်း ရှိပါသည်။ ဘွဲ့ရသူဦးရေ (၁၁၄)ဦး အထိ ရှိနေပြီဖြစ်ပါသည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၄၇၉)ဦး၊ အလယ်တန်းပညာ ပြီးမြောက်မှု မှာ (၁၉၈)ဦး ရှိပြီး အထက်တန်းပညာပြီးမြောက်မှုတွင်(၁၂၄)ဦးရှိပါသည်။

ကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ (၂၅၆)ဦးရှိပြီး အမျိုးသမီး ဦးရေ ပိုများပါသည်။ ကျေးရွာတွင် အခြေခံ[illegible]လတန်းကျောင်း(၁)ကျောင်းသာ ရှိသည့်အတွက် အလယ်တန်းနှင့် အထက်တန်းပညာရေးအတွက် မင်းရွာနှင့်ပုရစ်ကုန်းကျေးရွာများသို့ တက်ရောက် ရပါသည်။

ကျောင်းသား/သူများ ဗဟုသုတ ရှာဖွေရန်အတွက် ကျောင်းစာကြည့်တိုက်နှင့် သုံးခန်းတွဲ အိမ်သာ(၁)လုံး လိုအပ်ပါသည်။ ကျောင်းသား/သူဦးရေမှာ (၁၁၄)ယောက်ကျော်နီးပါးနှင့် ကျောင်း ဆရာ /ဆရာမ (၅)ဦး ရှိပါသည်။

ကျောင်း အားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု မရှိသည့်အတွက် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာ အသင့်အတင့် အနေအထား သာ ရှိပါသည်။ ကျောင်းသား/သူများ ကျောင်းနေပျော်၍ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ကျောင်းအားကစားကွင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာ မှုကို ဆောင်ရွက်ရန် လိုအပ်နေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ပေါက်ငယ်တောကျေးရွာတွင် အဖြစ်များသည့်ရောဂါဟူ၍ မရှိပါ။ သွေးလွန်တုပ်ကွေး၊ ဆီးချိုနှင့် သွေးတိုးရောဂါများ အနည်းအကျဉ်း ဖြစ်ပွားလျက်ရှိသည့်အတွက် ကျန်းမာရေးနှင့်

ပတ်သက်သော အသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်လျက်ရှိပါသည်။

ပေါက်ငယ်တောကျေးရွာတွင် ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသည့် အတွက် ကျေးရွာအနီးတွင်ရှိသော ပုရစ်ကုန်းကျန်းမာရေးဌာနခွဲတွင် ဆေးကုသမှု ခံယူရပါသည်။ အရေးပေါ်အခြေအနေမျိုး ဖြစ်ပေါ်မှသာ မုံရွာမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာအတွင်း ဆေးဆိုင်များ သီးသန့်မရှိသော်လည်း ကုန်စုံဆိုင် ငယ်များတွင် အိမ်သုံးဆေးများ ဝယ်ယူရရှိနိုင်ပါသည်။

ပေါက်ငယ်တောကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် အဝီစိတွင်း/စက်တပ် (၁၆၇)တွင်း ရှိပါသည်။ ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရာသီ(၃)မျိုးလုံးတွင် သောက်သုံးရေ အလုံအလောက် ရှိပါသည်။

ပေါက်ငယ်တောကျေးရွာတွင် တစ်ရွာလုံးနီးပါး သန့်ရှင်းသော အိမ်သာသုံးစွဲမှုရှိပြီး ကျန်းမာရေး အတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သော ရောဂါများ၊ ရာသီအလိုက် ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်သိမ်းရေး

ပေါက်ငယ်တောကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျ ရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း သင်ကြားပို့ချထားခြင်းရှိပါသည်။။။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာ တွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိသဖြင့် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထို့မှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြား တတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင် လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ပေါက်ငယ်တောကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူခန့် ပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ တန်းတူသာ ရှိပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်ကြသဖြင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါသည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၃၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသား များ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၅၀၀၀)ကျပ်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးဦး ဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများတွင် ဝမ်းစာဖူလုံမှု အားနည်းပါသည်။ အမျိုးသမီးများ၏ စိတ်ဓါတ် အရည်အသွေးကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်း အဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာ များအတွက် အသိအမြင်မရှိသဖြင့် ပညာပေး သင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

နောက်ဆက်တွဲ ၃

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်
လမ်းတံတား၊ လျှပ်စစ် ကဏ္ဍ						
၁။	ရွာတွင်းလမ်းမကောင်းခြင်း	မြေသားလမ်းဖြစ်နေခြင်း	ကျေးရွာလုပ်အားရှိခြင်း	နည်းပညာ၊ ငွေကြေးချို့တဲ့ခြင်း	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ကွန်ကရစ်လမ်းဆောင်ရွက်ခြင်း
၂။	ချင်းတွင်းမြစ်ရေဝင်ချိန်ကျေးရွာ ရေကြီးနစ်မြုပ်ခံစာရခြင်း	ချောင်းအတွင်းရေကာတာမရှိခြင်း	လုပ်အားရှိခြင်း	နည်းပညာ၊ ငွေကြေးချို့တဲ့ခြင်း	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ကိုယ်ထူကိုယ်ထဆောင်ရွက်ခြင်း	ရေကာတာ တည်ဆောက်ခြင်း
၃။	လျှပ်စစ်မီးတိုင်၊ မီးကြိုးအန္တရာယ်စိုးရိမ်ရခြင်း	နှစ်ကာလရှည်ကြာသဖြင့် မခိုင်ခံ့ခြင်း	လုပ်အားရှိခြင်း	နည်းပညာ၊ ငွေကြေးချို့တဲ့ခြင်း	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ကိုယ်ထူကိုယ်ထဆောင်	လျှပ်စစ်မီးတိုင်၊ မီးကြိုးများ အသစ်ပြန်ဆင်ခြင်း

					ရွက်ခြင်း	
ကျန်းမာရေးကဏ္ဍ						
၄။	သွေးလွန်တုပ်ကွေးအန္တရာယ်စိုးရိမ်ရခြင်း	ရေဆိုးမြောင်းမကောင်းခြင်း	လုပ်အားရှိခြင်း	နည်းပညာ၊ ငွေကြေးချို့တဲ့ခြင်း	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ကိုယ်ထူကိုယ်ထဆောင်ရွက်ခြင်း	ရေဆိုးမြောင်းပြုပြင်ခြင်း
လူငယ်ဖွံ့ဖြိုးရေးကဏ္ဍ						
၅။	အားကစားကွင်းမရှိခြင်း	ဆင်းရဲခြင်း၊ ကျန်းမာရေးအသိမရှိခြင်း	လုပ်အားရရှိခြင်း	ငွေကြေး၊ နည်းပညာ	နေရာကျယ်ကျယ်နှင့် တန်ဖိုးကြီးပစ္စည်းများမလိုသည့် အားကစားနည်းများမှ စတင်၍ လူငယ်များ အားကစားမှန်မှန်လုပ်လာရန် စီစဉ်ပေးခြင်း	ခြင်းလုံး၊ ဖူဆယ်၊ စသည့်တို့ကို လူငယ်များ စုဖွဲ့ ကစားနိုင်ရန် စီစဉ်ဖန်တီးခြင်း
၆။	စာပေဗဟုသုတအားနည်းခြင်း	စာကြည့်တိုက်မရှိခြင်း	စာဖတ်ရန် စိတ်အားထက်သန်မှုရှိခြင်း	ငွေကြေး၊ နည်းပညာ	သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ခြင်းနှင့်ကိုယ်ထူကိုယ် ထဆောင်ရွက်ခြင်း	စာကြည့်တိုက်တည်ဆောက်ခြင်း
စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများကဏ္ဍ						
၇။	အလုပ်အကိုင်အခွင့်လမ်းရှားပါးခြင်း	ဒေသခံများအခြေခံပညာအားနည်းခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာအတတ်ပညာနှင့် ကျွမ်းကျင်မှုအားနည်းခြင်း	စိတ်အားထက်သန်မှုရှိခြင်း	အလုပ်အကိုင်ချိတ်ဆက်မှုအားနည်းခြင်း၊ နည်းပညာလိုအပ်ခြင်း	ဌာနဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် တင်ပြတောင်းဆိုခြင်း
စိုက်ပျိုးရေး(သီးနှံ) ကဏ္ဍ						

၈။	မျိုးကောင်းမျိုးသန့် မရရှိခြင်း	ဆင်းရဲခြင်း၊ မျိုးချုရန် အသိမရှိခြင်း၊ မျိုးသန့်ပွားနည်းပညာမသိရှိခြင်း	စိုက်ပျိုးရေးဌာနရှိခြင်း၊ စိုက်ပျိုးရေးကုမ္ပဏီရှိခြင်း	ကုမ္ပဏီများ မိမိဆေးရောင်းရရေးသာ အလေးထားခြင်း	စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ပုဂ္ဂလိကအဖွဲ့အစည်းများအား ချိတ်ဆက်ဆောင်ရွက်ခြင်း	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ စိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုမှု တိုးတက်အောင် ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့် စုပေါင်းဝယ်ယူရန် စီစဉ်ဆောင်ရွက်ခြင်း
၉။	အချိန်မီထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းခြင်း မလုပ်နိုင်ခြင်း	လယ်ယာသုံးစက်မှုကိရိယာ မလုံလောက်ခြင်း၊ ခိုင်းနွား မလုံလောက်ခြင်း	စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ပေါများခြင်း	ချိတ်ဆက်မှု နည်းပါးခြင်း၊ ငွေကြေးလိုအပ်ခြင်း	ဌာနဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	လယ်ယာသုံးစက်ကိရိယာများ ရရှိရန် ချိတ်ဆက် ဆောင်ရွက်ခြင်း

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ကျောင်းကုန်း			ကျေးရွာအမည် – ပေါက်ငယ်တော	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းများ	
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်း (၁၃၄၀'x၁၀'x၆") ကို ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂	အခြေခံအဆောက်အဦ	နည်းပညာ	အုတ်ရိုးစီ ရေဆိုးမြောင်းပြုပြင်ဆောင်ရွက်ခြင်း	
၃	လျှပ်စစ်	မဟာဓါတ်အားလိုင်း	လျှပ်စစ်မီးတိုင်၊ မီးကြိုးများလဲလှယ်ခြင်း	
၄	လူငယ်နှင့်အားကစား	လူငယ်အခွင့်အလမ်း	ဘောလုံးကွင်းတည်ဆောက်ခြင်း။	
၅	အခြေခံအဆောက်အဦ	နည်းပညာ	ရေကာတာတည်ဆောက်ခြင်း။	

နောက်ဆက်တွဲ (၁)

ကျောင်းကုန်းကျေးရွာအုပ်စု၊ ပေါက်ငယ်တောကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်ဦး	ဦးပေါက်တူး	၅/မရန(နိုင်)၂၇၈၅၆၄	၅၀	ဥက္ကဋ္ဌ	09-400523299
၂	ဦးကျော်ရွှေ	ဦးမြဒင်	၅/မရန(နိုင်)၀၈၈၅၅၆	၅၇	ဘဏ္ဍာရေးမှူး	
၃	ဒေါ်အောင်စုမာ	ဦးကျော်ဝင်း	၅/မရန(နိုင်)၂၅၂၅၂၇	၃၁	အတွင်းရေးမှူး	09-400548508
၄	ဦးဇော်လင်းအောင်	ဦးပြည့်	၅/မရန(နိုင်)၂၀၂၃၅၉	၄၇	ငွေစာရင်းကိုင်	09-267465858
၅	ဦးမြင့်သူ	ဦးစိန်မောင်	-	၅၀	အဖွဲ့ဝင်	
၆	ဒေါ်ဇာဇာဝင်း	ဦးကျော်အေး	၅/မရန(နိုင်)၂၂၂၀၁၆	၃၁	အဖွဲ့ဝင်	
၇	ဒေါ်ထွေးမူ	ဦးတို		၄၁	အဖွဲ့ဝင်	

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ကျောင်းကုန်း			၁၀ ကျေးရွာအမည် – ပေါက်ငယ်တော	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းများ	
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်း (၁၃၄၀'x၁၀'x၆") ကို ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	
၂	အခြေခံအဆောက်အဦး	ကျန်းမာရေး	ဆေးပေးခန်းတည်ဆောက်ခြင်း	
၃	အခြေခံအဆောက်အဦး	လူငယ်အခွင့်အလမ်း	စာကြည့်တိုက်တည်ဆောက်ခြင်း	
၄	အခြေခံအဆောက်အဦး	အဆောက်အဦး/ နည်းပညာ	အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း	
၅	အခြေခံအဆောက်အဦ	နည်းပညာ	အားကစားကွင်းတည်ဆောက်ခြင်း	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၁	၄
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၂	၇	၁၉
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၂	၁၁	၃၃
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅	၃	၈
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၆	၁၅၃	၂၆၉
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၅	၂၉	၄၄
စုစုပေါင်း		၁၇၃	၂၀၄	၃၇၇
စုစုပေါင်း အိမ်ထောင်စု				၁၃၄

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာသည် ကျား(၁၇၃)ဦး၊ မ(၂၀၄)ဦး စုစုပေါင်း(၃၇၇)ဦးနေထိုင်ကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စု စုစုပေါင်း(၁၃၄)ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၈	၉၂	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၈၈	၂၂၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၁	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၁၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၄	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၈၈	၂၂၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာတွင် လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစားများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိက လုပ်ကိုင်ကြောင်း တွေ့ရပြီး ကျပန်းလုပ်ငန်း လုပ်ကိုင်သူများလည်း ရှိပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ပေါက်ငယ်တောကျေးရွာသည် လုပ်အားခနှုန်းထား အများဆုံးမှာ ယောကျ်ားလေးလုပ်အားခ အများဆုံး(၅၀၀၀)ကျပ်ဖြစ်ပြီး မိန်းကလေး အများဆုံးလုပ်အားခသည် (၃၀၀၀)ကျပ်နှုန်းဖြစ်ပါသည်။ အခြားဝင်ငွေရလုပ်ငန်းနည်းပါးကြောင်း တွေ့ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)		
လယ်မြေ	၀.၀၀	ကောင်း □	သင့် □	ညံ့ □
ယာမြေ / တောင်ယာမြေ	၃၁၂.၇၅	ကောင်း □	သင့် □	ညံ့ □
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း □	သင့် □	ညံ့ □
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း □	သင့် □	ညံ့ □
ဓနိတောမြေ	၀.၀၀	ကောင်း □	သင့် □	ညံ့ □
စားကျက်မြေ	၀.၀၀	ကောင်း □	သင့် □	ညံ့ □

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
မြေလွတ် မြေလပ်	၀.၀၀	ကောင်း □ သင့် □ ညံ့ □
စုစုပေါင်း	၃၁၂.၇၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာသည် တောင်ယာမြေကိုသာ အဓိကထား လုပ်ကိုင်နေသည်ကို တွေ့ရပါသည်။ ကျန်မြေအမျိုးအစားများ မရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ□□□□ သင့် □□ နည်း□□ မရှိ□□	လွယ်□ ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ□□□□ သင့် □□□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□□□□ သင့်□□□□ နည်း□□ မရှိ□□	လွယ်□□□□□□□ခက် □ အသုံးမပြုနိုင်ပါ □

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ သင့် နည်း မရှိ	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာတွင် သတ္တုနှင့် တွင်းထွက်သယံဇာတ၊ ဓါတ်ငွေ့ရေနံ ကျောက်မျက်၊ ကျောက်သဲ၊ ကျောက်စရစ် လုံးဝမထွက်ပါ။ အဘယ်ကြောင့်ဆိုသော် ပေါက်ငယ်တောကျေးရွာတွင် မြစ်၊ ခေ ါင်း၊ တောင်တန်းများ မရှိသည့်အတွက်ကြောင့် ဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း

	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၀	၃၀	၃၀	၄၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာရှိ အိမ်ထောင်အများစုသည် စိုက်ပျိုးရေးလုပ်ကိုင်ကြသော်လည်း ကျပန်းလုပ်ကိုင်သူ များပြားပါသည်။ ကျပန်းလုပ်ကိုင်သူများပြားသောကြောင့် အလွန်မပြေလည်သော အိမ်ထောင်စုများပြားပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာသည် ဝမ်းစာဖူလုံမှုရှိပါသည်။

(c–၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၅	၅
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၄	၅	၉
	အိမ်ထောင်စု အရေအတွက်		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၄၄
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာတွင် မသန်စွမ်းသည်လူ (၉)ယောက်ရှိပါသည်။ မသန်စွမ်းဌာနမှ ထောက်ပံ့ငွေ တစ်လလျှင် ငွေ(၁၀၀၀၀)ကျပ်နှင့် ဆန်၊ ကြက်ဥ ထောက်ပံ့ပေးခဲ့ဖူးပါသည်။ ယခုအခါ ပြန်လည်ရုတ်သိမ်းသွားပီဖြစ်ကြောင်း တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	**ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)**	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၃	ရေကြီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၄	မိုးခေါင်ခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၅	အအေးလွန်ကဲခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၆	မုန်တိုင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၇	ငလျင်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၈	မီးဘေး	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၉	ဆားငန်ရေဝင်မြေ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၂	ငှက်ဖျားရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၃	တီဘီရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၇	လူကုန်ကူးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ပေါက်ငယ်တောကျေးရွာတွင် ကဆုန်လတွင် နွားများ ခွာနာလျှာနာရောဂါ ကျရောက်တတ်သဖြင့် ကာကွယ်ဆေးများ လာရောက်ထိုးနှံပေးရန် လိုအပ်လျက်ရှိပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၅	ဆေးစွဲသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၈	နေရပ်ပြန် အခြေချသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာသည် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အိမ်ထောင်စုများ မရှိသလောက် နည်းပါးပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ပရဟိတအဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၅	၅	၁၀	ပညာရေး☐☐ ငွေကြေး☐☐ ကျန်းမာရေး☐☐ ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၂	မီးသတ်အဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၇	၀	၇	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၃	ကျောင်းကော်မတီ	၁ ☐ ၂ ☐	၁၁	၀	၁၁	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐	ကောင်း☐☐ သင့်☐☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
		၃ ▯				ဘာသာရေး▯▯▯ စိုက်ပျိုးမွေးမြူရေး▯▯ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး▯▯ လုံခြုံရေးနှင့်ကာကွယ်ရေး▯	ညံ့▯▯
၄	ဓမ္မစကြာအဖွဲ့	၁ ▯ ၂ ▯ ၃ ▯	၀	၁၅	၁၅	ပညာရေး▯▯▯ငွေကြေး▯▯ ကျန်းမာရေး▯▯▯ ဘာသာရေး▯▯▯ စိုက်ပျိုးမွေးမြူရေး▯▯ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ▯ လုံခြုံရေးနှင့်ကာကွယ်ရေး▯	ကောင်း▯▯ သင့်▯▯ ညံ့▯▯
၅	မီးကော်မတီ	၁ ▯ ၂ ▯ ၃ ▯	၉	၀	၉	ပညာရေး▯▯▯ငွေကြေး▯▯ ကျန်းမာရေး▯▯ ဘာသာရေး▯▯▯ စိုက်ပျိုးမွေးမြူရေး▯▯ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး▯ လုံခြုံရေးနှင့်ကာကွယ်ရေး▯	ကောင်း▯ သင့်▯▯ ညံ့▯▯
၆	ရေကော်မတီ	၁ ▯ ၂ ▯▯▯▯▯၃ ▯	၀	၀	၀	ပညာရေး▯▯▯ငွေကြေး▯▯ ကျန်းမာရေး▯▯▯ ဘာသာရေး▯▯▯	ကောင်း▯▯ သင့်▯▯ ညံ့▯▯

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး□□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး□	
၇		၁ □ ၂ □ ၃ □				ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ ဘာသာရေး□□□ စိုက်ပျိုးမွေးမြူရေး□□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□□ သင့်□□ ညံ့□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာရှိ လက်ရှိဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှာ ပရဟိတအဖွဲ့၊ မီးသတ်အဖွဲ့၊ ကျောင်းကော်မတီ၊ ဓမ္မစကြာအဖွဲ့၊ မီးကော်မတီနှင့် ရေကော်မတီအဖွဲ့အစည်းများ ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မြကျွန်းသာ	၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး□□ငွေကြေး□□ ကျန်းမာရေး □□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	ဂရက်	၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး□□ငွေကြေး□□ ကျန်းမာရေး □□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁ □ ၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး□□ငွေကြေး□□ ကျန်းမာရေး □□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး□□ငွေကြေး□□ ကျန်းမာရေး □□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး□□ငွေကြေး□□ ကျန်းမာရေး □□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး□□ငွေကြေး□□

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ မြက္ခန်းသာနှင့် ဂရက်အဖွဲ့များမှ ချေးငွေများ ချေးယူရရှိနိုင်ကြောင်း တွေ့ရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၇၁	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၁၇	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၂၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၈	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၃၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာတွင် စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေမှာ မြေယာမဲ့အိမ်ထောင်စု များပြားပြီး ကျပန်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်စားသောက်ကြရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ပေါက်ငယ်တောကျေးရွာသည် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးလုပ်ကိုင်ကြရပါသည်။ စိုက်ပျိုးရေ အရင်းအမြစ် လုံလောက်မှုမရှိပါ။ သောက်သုံးရေအတွက် အဝီစိတွင်း(၄)တွင်းမှ သုံးစွဲနေရကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပဲစိမ်းငုံ	၂၀၀	တင်	၇	၁၀	၈.၅	မေ	ဇန်နဝါရီ	မြင့် ☐☐☐	မြင့် ☐☐☐

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကော အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
		း					ဝါရီ	လတ်□□□ နိမ့် □□	လတ်□□□ နိမ့် □□
ပဲကြား	၄၀	တင်း	၇	၁၀	၈.၅	စက်တင်ဘာ	နိုဝင်ဘာ	မြင့် □□□ လတ်□□□ နိမ့် □□	မြင့် □□□ လတ်□□□ နိမ့် □□
မြေပဲ	၂၀	တင်း	၂၀	၂၅	၂၂.၅	အောက်တိုဘာ	ဇန်နဝါရီ	မြင့် □□□ လတ်□□□ နိမ့် □□	မြင့် □□□ လတ်□□□ နိမ့် □□
ကုလားပဲ	၁၀	တင်း	၅	၁၀	၇.၅	အောက်တိုဘာ	ဖေဖော်ဝါရီ	မြင့် □□□ လတ်□□□ နိမ့် □□	မြင့် □□□ လတ်□□□ နိမ့် □□
ပြောင်း	၁၇	တင်း	၇	၁၀	၈.၅	ဇူလိုင်	ဇန်နဝါရီ	မြင့် □□□ လတ်□□□ နိမ့် □□	မြင့် □□□ လတ်□□□ နိမ့် □□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကော အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								မြင့် ??? လတ်??? နိမ့် ??	မြင့် ??? လတ်?? နိမ့် ??

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ပေါက်ငယ်တောကျေးရွာတွင် အဓိက စိုက်ပျိုးသည့် သီးနှံများမှာ ပဲ၊ နှမ်း၊ ပဲစိမ်းငုံ၊ ကုလားပဲ၊ မြေပဲ များကို စိုက်ပျိုးကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၄	၀	၀	၂၀
လက်တွန်းထွန်စက်	၀	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၇	၀	၀	၂၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လှေ့လာတွေ့ရှိချက်။ ။လှေ့လာတွေ့ရှိချက် - ပေါက်ငယ်တောကျေးရွာသည် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု နည်းပါးပါသည်။ ရိတ်သိမ်းခြွေလှေ့စက်၊ ရိတ်သိမ်းစက်၊ အစေ့ချကိရိယာများ လုံးဝမရှိပါ။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

